# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
## စတုတ္ထနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်များ။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၃.၂၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၂၉-၇-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်

ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးစိုးသိန်း၊ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)၊ခရီးသွားရောက်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၁)၊အလုပ်ရုံ ဆွေးနွေးပွဲတက်ရောက်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၆)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ (၁၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ ကြောင်းနဲ့ ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၆)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြု ထားသူ (၁၅)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် (၅)ဦးမေးမြန်းတဲ့ မေးခွန်းများဟာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ မောင်တောမြို့ လျှပ်စစ်ဌာနအတွက် တစ်လလိုအပ်မည့် စက်သုံးဒီဇယ်ဆီ ဂါလံ (၂၂၆၀)ခန့် ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ၂၀၁၇ ခုနှစ်တွင် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်သိန်း က ရခိုင်ပြည်နယ်၊ မောင်တောမြို့ လျှပ်စစ်ဌာနအတွက် တစ်လလိုအပ်မည့် စက်သုံးဆီ ဒီဇယ်ဂါလံ (၂၂၆၀)ခန့် ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ၂၀၁၇ ခုနှစ်တွင် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ မဟာဓာတ်အားလိုင်း မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အထူးဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၇)၊ မောင်တောမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သိန်း ဖြစ်ပါတယ်။ မဲဆန္ဒနယ်မြေမှာရှိတဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်နှင့်အညီ လျှပ်စစ်ဓာတ်အား အဆင်ပြေစွာ သုံးစွဲ

နိုင်ရန် တင်ပြသွားမှာဖြစ်ပါတယ်။ အချိန်မလုံလောက်ရင် အချိန်အနည်းငယ်ထပ်မံ တိုးမြှင့်ခွင့်ပြုပေးပါရန် ကြိုတင်တောင်းခံတင်ပြအပ်ပါတယ် ခင်ဗျား။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ အနောက်တံခါးနယ်စပ်မြို့ မောင်တောမြို့တွင် ယခင်က လျှပ်စစ်ဌာနပိုင် (500 KVA)PERKINS မီးစက်တစ်လုံးနှင့် (300 KVA)COMMIN မီးစက်တစ်လုံး စုစုပေါင်းမီးစက်(၂)လုံးဖြင့် နေ့စဉ် ညနေ (၆)နာရီမှ (၁၁)နာရီအထိ (၅)နာရီခန့် လျှပ်စစ်မီးပေးလျက် ရှိပါတယ်။ မြို့နယ်အတွင်း လျှပ်စစ်ဌာနမှ မီတာအလုံးပေါင်း (၁၇၅၅)လုံး ထုတ်ပေးထားရာ လျှပ်စစ်မီး မီဂါဝပ် (၈၀၀)ကျော်အထိ လိုအပ်နေကြောင်း တွေ့ရှိရပါတယ်။ လက်ရှိ မီးစက်(၂)လုံးမှ ထုတ်လွှတ်နိုင်သော ဓာတ်အားမှာ မီဂါဝပ် (၆၀၀)ခန့်သာရှိသဖြင့် ထုတ်ပေးမှုနှင့်သုံးစွဲမှုမှာ ညီမျှမှုမရှိဘဲ မီးသုံးစွဲသူ ပြည်သူများ တစ်နေ့လျှင် (၈)ကြိမ်မှ (၁၀)ကြိမ်ခန့်ထိ မီးပြတ်တောက်ခံရပါတယ်။ ဒါကြောင့် ပြည်သူတွေဝယ်ယူထားတဲ့ လျှပ်စစ်ပစ္စည်းများ မကြာခဏ လောင်ကျွမ်းပျက်စီးမှုများရှိပြီး၊ ပြည်သူများ စိတ်ပျက်ငြိုငြင်မှုဖြစ်ရာမှ ဆန္ဒဖော်ထုတ်အုံကြွမှုအထိ ဖြစ်ခဲ့ပါတယ်။ အထက်ပါအဖြစ်အပျက်ကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးတို့သိရှိပြီး လာရောက်စစ်ဆေးရာမှ အဖြစ်မှန်ကိုသိကာ ကျောက်ဖြူမြို့မှ (1000 KVA) PERKINS မီးစက်ကြီးတစ်လုံးကို သယ်ယူအသုံးပြုခွင့် ပေးခဲ့သော်လည်း လိုအပ်တဲ့ စက်သုံးဆီကို ယနေ့အထိ ခွဲဝေပေးခြင်းမရှိပါ။ ယင်းမီးစက်ကြီး၏ တစ်နာရီလိုအပ်မည့် စက်သုံးဆီမှာ ဂါလံ(၄၀)ရှိပြီး မြို့မီးလင်းရေးကော်မတီမှ ကျခံသုံးစွဲလျက်ရှိပါတယ်။ ယခုအခါ မြို့မီးလင်းရေးကော်မတီမှာလည်း အရှုံးများလာသဖြင့် မတတ်နိုင်၍ စက်အား ရပ်တန့်ထားရမည့် အခြေအနေသို့ ရောက်ရှိနေပါတယ်။

ယခင်က မီးစက်ငယ်(၂)လုံးအတွက် ရရှိတဲ့ စက်သုံးဆီမှာ တစ်လ ဂါလံ(၄၇၀၆)ဂါလံ ရရှိခဲ့ပြီး၊ ယခု(1000 KVA)နဲ့ (500 KVA)မီးစက်(၂)လုံးအတွက် လိုအပ်ဆီမှာ တစ်လအတွက် (၆၉၆၀) ဂါလံ လိုအပ်လျက်ရှိရာ နောက်ထပ်စက်သုံးဆီ(၂၂၆၀)ဂါလံခန့် ခွဲဝေပေးလျှင် လုံလောက်မှု ရှိနိုင်ပါတယ်။ စက်သုံးဆီရရှိရေးအတွက် မောင်တောမြို့ မီးလင်းရေးကော်မတီ၏ ၂၀၁၆ ခု၊ ဖေဖော်ဝါရီလ ၈ ရက်နေ့၊ ရက်စွဲပါ စာအမှတ်၊၁/စီမံ/မလရ/၂၀၁၆(၀၀၁)ဖြင့် ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံထားသော်လည်း ယနေ့အထိ မရရှိခဲ့ပါ။

မောင်တောမြို့နယ်အား အနောက်တံခါးခရိုင်အဆင့် နယ်စပ်မြို့ဖြစ်ခြင်း၊ လူမျိုးရေးပြဿနာများ မကြာခဏဖြစ်ပွားလေ့ရှိခြင်း၊ ပြည်သူများ လျှပ်စစ်မီးအား အဆင်ပြေစွာ သုံးစွဲလိုခြင်း၊ မြို့လုံခြုံရေးအတွက် အရေးတကြီးလိုအပ်နေခြင်း စတဲ့အချက်များကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ အောက်ပါမေးခွန်း(၂)ခုအား မေးမြန်းရခြင်းဖြစ်ပါတယ်။

ပထမမေးခွန်းကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ အနောက်တံခါးမောင်တောနယ်စပ်မြို့ လျှပ်စစ်ဌာနအတွက် တစ်လ လိုအပ်မည့် စက်သုံးဆီဂါလံ(၂၂၆၀)ခန့် ခွင့်ပြုပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်လတွင် ခွင့်ပြုပေးနိုင်မည်ကို သိလိုပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ မေးမြန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်သို့ မဟာဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်သို့ မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)၊ ရေးမြို့နယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်သို့ (230 KVA)မဟာဓာတ်အား လိုင်းသွယ်တန်းခြင်းလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ မေးမြန်းမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေးမြို့နယ်ဟာ မွန်ပြည်နယ်(၁၀)မြို့နယ် အနက် မဟာဓာတ်အားလိုင်းမရောက်ရှိသေးတဲ့ တစ်ခုတည်းသော မြို့နယ်ဖြစ်တာနဲ့အညီ ရေးမြို့နယ်သူ၊ ရေးမြို့နယ်သားတွေဟာ လျှပ်စစ်မီးကို အခြားဒေသရဲ့ (၁၀)ဆကျော် ဈေးတွေဖြစ်တဲ့ (၄၀၀)ကနေ (၇၀၀)ကျပ်အကြား ကျခံသုံးစွဲနေရပါတယ်။ ဒါ့အပြင် မွန်ပြည်နယ်မှာ ဒုတိယလူဦးရေ အများဆုံး ဖြစ်ပြီး မြို့(၃)မြို့ ပါဝင်ဖွဲ့စည်းထားတဲ့ မြို့နယ်တစ်ခုဖြစ်တာကြောင့် ရေးမြို့နယ်နေ ပြည်သူများ ဟာလည်း အခြားမြို့နယ်မှာရှိတဲ့ ပြည်သူတွေလိုပဲ လျှပ်စစ်မီးကို တန်းတူညီမျှ ဈေးနှုန်းများနဲ့ သုံးစွဲခွင့် ရှိပါတယ်။ သုံးစွဲလည်း သုံးစွဲလိုကြပါတယ်။

တစ်ခါ ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ စက်မှုဇုန်လုပ်ငန်း ဖွံ့ဖြိုးလာတော့မယ့် မြန်မာပြည် အောက်ပိုင်းက တနင်္သာရီတိုင်းဟာလည်း National Grid လုံးဝမရောက်သေးတဲ့ လမ်းကြောင်း ပေါ်မှာ ကျရောက်နေတဲ့အတွက် မဖြစ်မနေအကောင်အထည်ဖော်သင့်တဲ့ စီမံကိန်းတစ်ခု ဖြစ်ကြောင်း ထပ်မံ တင်ပြလိုပါတယ်။ စီးပွားရေးအရဆိုရင်လည်း မွန်ပြည်နယ်(၁၀)မြို့နယ်အနက် အရှည်လျားဆုံး ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားတဲ့ မြို့နယ်တစ်ခုဖြစ်တာနဲ့အညီ ပင်လယ်ငါးဖမ်းလုပ်ငန်း ဖွံ့ဖြိုး တိုးတက်တဲ့ ဒေသဖြစ်ပါတယ်။ ဒါကြောင့် ငါး၊ ပုစွန် အအေးခန်း၊ စက်ရုံလုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးဖို့ မြန်မာပြည်မှာ စိုက်ဧကအကျယ်ဆုံး ရာဘာစိုက်ခင်းတွေရှိတာကြောင့် ရာဘာမှိုင်းရုံနဲ့ ရာဘာသား အ ခြေခံ သစ်အချောထည်စက်ရုံလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးဖို့၊ ဒါ့အပြင် အခုတလော ကမ်းခြေ အသစ်အဖြစ် နာမည်ကြီးနေတဲ့ ကဗျာဝတို့လို သဘာဝအလှမပျက်သေးတဲ့ အပျိုစင် ကမ်း ခြေများကြောင့် နောင်တစ်ချိန်မှာ Tourism လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ဆိုရင် ဒီလျှပ်စစ်က အင်မတန်အခြေခံကျတဲ့ကဏ္ဍ ဖြစ်ပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြီးခဲ့တဲ့ လွှတ်တော်ရဲ့ (၁၃)ကြိမ်မြောက်၊ (၂၃)ရက်မြောက်နေ့ အစည်းအဝေးမှာ ရေးမြို့နဲ့ ထားဝယ်မြို့တို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့အတွက် (230 KVA) မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို EXIM Bank ချေးငွေနဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်မှာဖြစ်တယ်လို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပြည်သူ့လွှတ်တော်မှာ လာရောက်ဖြေကြားထားခဲ့ပါတယ်။ အချိန်မလုံလောက်ရင် ကျွန်တော့်ကို နည်းနည်းတိုးပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဒါကို သိထားတဲ့ မဲဆန္ဒရှင်တွေဟာ ယခုဘဏ္ဍာရေးနှစ်ကို မျှော်လင့်တကြီးနဲ့ စောင့်စားနေခဲ့ကြပါတယ်။ ဒါပေမဲ့ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့က မွန်သတင်းအေဂျင်စီရဲ့ သတင်းတစ်ပုဒ်အတွင်းမှာ ဘတ်ဂျက်ငွေမလုံလောက်တဲ့အတွက် ဒီနှစ်အတွင်း စီစဉ်နိုင်မှာ မဟုတ်ဘူးဆိုတဲ့သတင်း ပါလာတဲ့အတွက် ယခုလို မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။

ဒီအပြင် ဒါနဲ့တစ်ဆက်တစ်စပ်တည်း သိရှိလိုတာကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာထဲက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ ဖော်ပြထားချက်အရဆိုရင် (230 KVA)မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းစီမံကိန်း(၁၈၀)မိုင် အတွက် လျာထားချက် ကျပ်သန်း(၁၈၀)အနက် (၇၂.၆၃၈)သန်းကို ဒီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ သုံးစွဲခဲ့ပြီး လုပ်ငန်းရဲ့ (၄၀.၄)ရာခိုင်နှုန်းကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်တယ်လို့ အစီရင်ခံစာမှာ တင်ပြထားပါတယ်။ ဒါပေမဲ့ ဒီစီမံကိန်းရဲ့ ဘယ်အပိုင်းမှာ ဘယ်လိုသုံးစွဲထားတယ် ဆိုတာကို ကျွန်တော်မမြင်တွေ့၊ မသိရှိထားတဲ့အတွက် ပြည်သူတွေ မေးမြန်းလာခဲ့ရင် ပြန်ဖြေနိုင်အောင် သိရှိထားလိုပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်တွေကိုယ်စား ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ (၁) ယခုလာမယ့် ဘဏ္ဍာရေးနှစ်မှာ ယခင်လွှတ်တော်သက်တမ်းက ကတိပြုထားတဲ့ လုပ်ငန်းဖြစ်တဲ့ (230 KVA) မော်လမြိုင်-ရေး-ထားဝယ် မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတာနဲ့ ရှိခဲ့ရင် လုပ်ငန်းကို ဘယ်အချိန်မှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်မယ်၊ မရှိခဲ့သေးရင် မည်သည့်ဘဏ္ဍာနှစ်မှာ ထည့်သွင်းရေးဆွဲပေးမည်ကို သိရှိလိုပါကြောင်းနဲ့ (၂)၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ နှစ်ပတ်လည်အမျိုးသားအစီရင်ခံစာထဲက ဘဏ္ဍာငွေကို စီမံကိန်းရဲ့ မည်သည့်အပိုင်းမှာ သုံးစွဲထားသည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ မဟာဓာတ်အားလိုင်း စီမံကိန်းကြီးလည်း ရေးမြို့ကို မြန်မြန်ရောက်ပါစေ။ (သြဘာသံများ)

**ဂန့်ဂေါ-ကလေး ကားလမ်းပေါ်ရှိ တောင်ခရန်း ကျေးရွာနှင့် အနီးတစ်ဝိုက် ကျေးရွာများ၌ လျှပ်စစ်မီး ရရှိနိုင်ရန် ဂန့်ဂေါ - ကလေး 66 KV ဓာတ်အားလိုင်းပေါ်မှ ခွဲယူ၍ 66 KV/ 11 KV 5 MVA ဓာတ်အားခွဲရုံ တစ်ရုံတည်ဆောက်ပြီး လျှပ်စစ်မီး သွယ်တန်းပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင် က ဂန့်ဂေါ-ကလေး ကားလမ်းပေါ်ရှိ တောင်ခရန်း ကျေးရွာနှင့် အနီးတစ်ဝိုက် ကျေးရွာများ၌ လျှပ်စစ်မီး

ရရှိနိုင်ရန် ဂန့်ဂေါ-ကလေး 66 KV ဓာတ်အားလိုင်းပေါ်မှ ခွဲယူ၍ 66 / 11 KV 5 MVA ဓာတ်အားခွဲ စက်ရုံ တည်ဆောက်ပြီးလျှပ်စစ်မီးသွယ်တန်းပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များကို အားလုံးမင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း၊ မဲဆန္ဒနယ်အမှတ်(၁၂) ဆောထီးလင်း၊ ဂန့်ဂေါယော (၃)မြို့ကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်အမတ် ဦးပြုံးလွင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါမြို့နယ်နှင့် ကလေးမြို့နယ်တို့ဟာ မိုင်ပေါင်း(၉၅)မိုင် ကျော် ကွာဝေးပြီးတော့မှ (၂)မြို့စလုံးက 230 KVA လိုင်းမှ 66 KVA လိုင်းကိုဆွဲ ပြီးတော့ (၂)မြို့စလုံး လင်းနေပါပြီ။ အဲလိုလင်းနေတဲ့နေရာမှာ ကျွန်တော်တို့ဒီ (၉၅)မိုင် ကွာဝေးနေတဲ့ ဒီခုနက (၂)မြို့ကြားမှာ တောင်ပိုင်းကနေစပြီးတော့ (၂၂)မိုင်အထိ၊ ကန်အထိ မီးလင်းနေပြီ ဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ ကျွန်တော်တို့ ဂန့်ဂေါမြို့နယ်ရဲ့ အပိုင်းလေးတစ်ပိုင်းမှာ (၅၄)မိုင်ခန့် ကွာဝေးပြီးတော့မှ မိုင်(၂၀)ခန့် ကျွန်တော်တို့ ဒီရွာပေါင်း(၂၀)ခန့်နဲ့ အိမ်ထောင်ဦးရေ(၉၀၀၀)ခန့်ရှိတဲ့ အခု ကျွန်တော်တို့ ကျန်ရှိတဲ့ အပိုင်းကလေးကို အလယ်ခေါင်ဖြစ်တဲ့ တောင်ခရန်းကျေးရွာမှာ 66 KVA ၊11 KVA ၊5 MVA ဆိုတဲ့ ဓာတ်အားခွဲရုံကို တည်ဆောက်မည်ဆိုပါက ကျန်ရှိတဲ့ ကျွန်တော်တို့ ဂန့်ဂေါနယ်ရဲ့မြောက်ပိုင်းအားလုံး မီးလင်းမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီဓာတ်အားခွဲရုံမှ မြောက်ဘက် ဟံသာဝတီအထိ ဒီအခု အလယ်ခေါင်ကနေပြီးတော့မှ လုပ်မယ်ဆိုရင် မြောက်ဘက်ဟံသာဝတီအထိ (၁၂)မိုင် 11 KV နှင့် တောင်ဘက်မွှေ့လယ်အထိ (၁၂)မိုင် 11 KV လိုင်းအားတွေကို သွယ်ပြီးတော့မှ တန်းပေးမယ် ဆိုရင်တော့ အလွန်တရာမှ လျော်ကန်သင့်မြတ်တယ်လို့ ကျွန်တော်တို့ သုံးသပ်ရပါတယ်။ ပြီးတော့မှ တစ်ဆက်တည်း 11 KVအလွတ် ခုနက Transformer များကိုလည်းပဲ နိုင်ငံတော် ကုန်ကျစရိတ်အဖြစ် ပြီးတော့မှ ပေးမယ်ဆိုရင်လည်းပဲ ကျွန်တော်တို့အနေနဲ့ အတိုင်းအဆမရှိ ဝမ်းသာမိပါတယ်။

သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ဂန့်ဂေါ- ကလေး လမ်းပေါ်ရှိ တောင်ခရန်းကျေးရွာနဲ့ အနီးတစ်ဝိုက်ကျေးရွာများသို့ လျှပ်စစ်မီးရရှိရန် ဂန့်ဂေါ - ကလေး 66 KV အား ဓာတ်အားခွဲရုံမှ 66 /11 KVA 5 MVA ဓာတ်အားခွဲ စက်ရုံတစ်ရုံကို နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆောက်၍ လျှပ်စစ်မီးသွယ်တန်းပေးနိုင်ခြင်း ရှိ/မရှိနှင့် အကယ်၍ ရှိခဲ့ပါက မည်သည့်အချိန်ဇယားဖြင့် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း လေးစားစွာမေးမြန်း အပ်ပါ သည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ ကျေးရွာ(၁၈)ရွာ မီးလင်းရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ ကျေးရွာ(၁၈)ရွာ မီးလင်းရေးအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ် ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာသော ပုဂ္ဂိုလ်အပေါင်း မင်္ဂလာပါ။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းမှာ ဒုတိယ(၅)နှစ်စီမံကိန်း ပထမနှစ်ဖြစ်တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ဓာတ်အားစနစ်ဖြင့် စလင်းမြို့နယ် ကျေးရွာ(၁၈)ရွာ လျှပ်စစ်မီးလင်းရေး ကိစ္စ ဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမေးမြန်းတဲ့ ရက်က ၂၄-၅-၂၀၁၆ ဖြစ်ပါတယ်။ ကာလအားဖြင့် (၂)လကျော် ကြာမြင့်ခဲ့ပါတယ်။ (၂)လကျော်ကြာမြင့်တဲ့ကာလအတွင်းမှာ အမျိုးသားလျှပ်စစ်စီမံကိန်း (NEP)(၅)နှစ်ရဲ့ ပထမနှစ် ၂၀၁၆-၂၀၁၇ အရ မေးခွန်းပါ ကျေးရွာ (၁၆)ရွာ အား 11KV လိုင်း (၂)မိုင်အတွင်းကျရောက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မီးလင်းမည့် ကျေးရွာများအဖြစ် ပါဝင်သွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ သို့ပါ၍ လေးစားအပ်သော ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းလိုသည်ကတော့ ဘဏ္ဍာငွေကျပြီးဖြစ်တဲ့ မေးခွန်းပါ ကျေးရွာများတွင် အချို့ရွာများမှာ ရွာအတွင်း တိုင်ထူ၊ လိုင်းဆွဲ၊ Transformer တည်ပြီး၊ အချို့ရွာမှာ တိုင်ထူ၊ လိုင်းဆွဲ၊ အချို့ရွာမှာ တိုင်ထူပြီး၊ ဒါတွေဟာဆိုလို့ရှိရင် ကျေးရွာသူ/ကျေးရွာသားတို့ရဲ့ လုပ်အား ငွေအားတို့နဲ့ လုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေ ပြီးစီးရန်အတွက် ကျေးရွာလူထုမှ စိုက်ထုတ်ထားသောငွေကြေး၊ လုပ်အားတို့ကို ယခုခွင့်ပြုထားတဲ့ နိုင်ငံတော်ဘတ်ဂျက်မှ ခုနှိမ်ကုစား ပေးနိုင်ခြင်း ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်၊ ပလက်ဝမြို့တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိနိုင်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့တွင် မဟာဓာတ်အားလိုင်း မှ လျှပ်စစ်မီးရရှိနိုင်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးဇော့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်အမှတ်(၁၁)

မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးတင်း ဖြစ်ပါတယ်။ ယခု ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အချိန်လုံလောက်မှုမရှိပါက ထပ်ဆင့်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် (၉)မြို့နယ်ထဲတွင် ပြည်နယ်၏ မြို့တော်ဖြစ်သော ဟားခါးမြို့ တစ်ခုတည်းတွင်သာ မဟာဓာတ်အားလိုင်း ရရှိခဲ့ပါတယ်။ ကျန်(၈)မြို့နယ်နှင့် မြို့အဆင့် (၆)မြို့တို့တွင် နိုင်ငံတော်မှ မဟာဓာတ်အားလိုင်း တပ်ဆင်ပေးရန် ချင်းပြည်သူများ အထူးလိုလားလျက် ရှိပါတယ်။ မိမိတို့ ချင်းပြည်နယ်တွင် လူဦးရေအားဖြင့် (၄၈၀၀၀၀)ကျော် နေထိုင်လျက်ရှိပါတယ်။ ချင်းပြည်နယ်သည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး ပြည်နယ်အဖြစ် သတ်မှတ်ခံရသော ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ အဘက်ဘက်မှ ဖွံ့ဖြိုးမှု နိမ့်ကျသော ပြည်နယ်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပမ်းဆက်သွယ်ရေးနှင့် အခြားလူမှုရေးစသည့် ကဏ္ဍအသီးသီးတွင် အားနည်းလျက် ရှိပါတယ်။ ချင်းပြည်နယ်အတွင်း နေထိုင်ကြသော ဒေသခံပြည်သူများသည် မဟာဓာတ်အားလိုင်း လျှပ်စစ်မီးရရှိရေးကို မျှော်လင့်လျက်ရှိပါတယ်။ မဟာဓာတ်အားလိုင်း လျှပ်စစ်မီးရရှိပါက ပိုမိုတဲ့ လူမှုဘဝ ဖူလုံမှုရှိပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာနိုင်သည့်အပြင် လျှပ်စစ်မီးကို အသုံးပြုပြီး ဝင်ငွေရလုပ်ငန်းများလည်း တွင်ကျယ်ဆောင်ရွက်လာမယ် ဖြစ်ပါတယ်။

ပလက်ဝမြို့သည် အိန္ဒိယ - မြန်မာ ပူးပေါင်း တည်ဆောက်ထားသော တန် (၃၀၀)ဆံ့ သင်္ဘောများ၊ ပလက်ဝ- စစ်တွေ တိုက်ရိုက် သွားလာနိုင်သည့် ဆိပ်ခံတံတားရှိသော ချင်းပြည်နယ်၏ ပင်လယ်ထွက်ပေါက်မြို့လည်း ဖြစ်ပါသည်။ အထူးသဖြင့် ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့သည် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်နှင့် နယ်နိမိတ် ထိစပ်လျက်ရှိပါသည်။ ကျောက်တော်မြို့တွင် မဟာဓာတ်အားလိုင်း ရရှိတာ တစ်နှစ်ကျော် ရှိပြီး ဖြစ်ပါတယ်။ ပလက်ဝမြို့နှင့် ကျောက်တော်မြို့သည် ကုန်းမိုင်ပေါင်း (၄၈)မိုင်သာ ကွာဝေးပြီး ပလက်ဝ - ကျောက်တော် ကားလမ်းကြီးအတိုင်း ကျောက်တော်-ပွေကုန်း၊ ပွေကုန်း- ပလက်ဝ၊ ပွေကုန်း-စမီး၊ ပလက်ဝ- လိုင်လင်းပီမြို့အထိ သွယ်တန်းပါက အဆင်ပြေပါတယ်။ ပလက်ဝမြို့တွင် ကွန်ကရစ် ဓာတ်တိုင်များနှင့် မီးကြိုးကြီးများ သွယ်တန်းထားရှိမှု တစ်နှစ်ကျော်ခန့်ရှိပြီး ဖြစ်ပါသည်။ ဒီနေ့အထိ မဟာဓာတ်အားလိုင်း ရရှိရန် ပြည်သူများအထူး မျှော်လင့်စောင့်မျှော်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်က ချင်းပြည်နယ် တောင်ပိုင်း၏အစွန်ဆုံးမြို့ဖြစ်သော ပလက်ဝမြို့တွင် မဟာဓာတ်အားလိုင်းအား နိုင်ငံတော်မှ တပ်ဆင်ပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်းနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် တပ်ဆင်ပေးမည်ကို ဒေသခံပြည်သူများ ရှင်းလင်းစွာ သိရှိနိုင်ပါရန် မေးမြန်း တောင်းဆိုတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးဖေဇင်ထွန်း (ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သိန်း ရဲ့ ရခိုင်ပြည်နယ်၊ မောင်တောနယ်စပ်မြို့ လျှပ်စစ်ဌာနအတွက် တစ်လ လိုအပ်မယ့် စက်သုံးဆီ ဒီဇယ်ဆီ (၂၂၆၀)ခန့် ခွင့်ပြုပေးနိုင်မယ့် အစီအစဉ် ရှိ/မရှိနှင့် ၂၀၁၇ ခုနှစ်တွင် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးပေးရန်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ယခင်က ရခိုင်ပြည်နယ်၊ မောင်တောမြို့ဟာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဌာနမှ ၅၀၀ ကေဗွီအေ PERKINS မီးစက်(၁)လုံးနဲ့ ၃၀၀ ကေဗွီအေ COMMIN မီးစက်(၁)လုံး၊ စုစုပေါင်း မီးစက်(၂)လုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက် ရှိပါတယ်။ ရပ်ကွက်တိုးချဲ့လာမှုနဲ့ မီးသုံးစွဲသူ တိုးတက်များပြား လာတဲ့အတွက်ကြောင့် ၁၀၀၀ ကေဗွီအေ သို့မဟုတ် ၅၀၀ ကေဗွီအေ မီးစက် (၁)လုံးဆောင်ရွက်ပေးပါရန် မောင်တောမြို့ မီးလင်းရေးကော်မတီမှ တင်ပြတောင်းခံခဲ့ရာ ပြည်နယ်အစိုးရမှ ၁၀၀၀ ကေဗွီအေ PERKINS မီးစက်(၁)လုံးအား ကျောက်ဖြူမြို့မှ သယ်ယူသုံးစွဲခွင့် ပြုခဲ့ပါတယ်။ အဲဒီမီးစက်ရဲ့ စက်သုံးဆီခွဲတမ်း အား မြို့မီးလင်းရေးကော်မတီမှ စိုက်ထုတ် သုံးစွဲခဲ့ရပါသဖြင့် လိုအပ်တဲ့ စက်သုံးဆီခွဲတမ်းအား အပြည့်အဝ ပံ့ပိုးပေးရန် (သို့မဟုတ်) ၅၀၀ ကေဗွီအေ မီးစက် (၁)လုံး ထပ်မံ ထုတ်ပေးနိုင်ပါရန် မောင်တောမြို့ မီးလင်းရေးကော်မတီမှ ထပ်မံတင်ပြလာပါသဖြင့် ဌာနမှ ၅၀၀ ကေဗွီအေ VOLVO မီးစက် (၁)လုံးအား ရမ်းဗြဲမြို့မှ သယ်ယူရန် ၂၂-၃-၂၀၁၆ ရက်နေ့မှာ ခွင့်ပြုပေးခဲ့ပြီး သယ်ယူ ရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါတယ်။

အဲဒီအတွက်ကြောင့် ရခိုင်ပြည်နယ်၊ မောင်တောမြို့အား လက်ရှိမှာ (၁၀၀၀) ကေဗွီအေ (PERKINS) စက် (၁)လုံးနှင့် ၅၀၀ ကေဗွီအေ PERKINS စက် (၁)လုံး၊ စုစုပေါင်းစက်(၂)လုံးဖြင့် ဓာတ်အား ဖြန့်ဖြူးပေးထားပါတယ်။ ၃၀၀ ကေဗွီအေ ဓာတ်အားပေးစက် (၁)လုံးအား အရန် ဓာတ်အား ပေးစက်အဖြစ် ထားရှိပြီး တစ်ရက်မှာ ဌာနမှ (၄)နာရီနှင့် မီးလင်းရေးကော်မတီမှ (၁)နာရီ စုစုပေါင်း (၅)နာရီဖြင့် မီးသုံးသူ (၁၈၁၆)ဦးကို ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ဌာနက ဒီဇယ်ဆီ တစ်လကို (၄၇၀၆)ဂါလံ ထောက်ပံ့ပေးလျက်ရှိပါတယ်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှာ ဒီဇယ်ဓာတ်အားပေးစက်နဲ့ ဓာတ်အားပေးနေတဲ့ စက်မြို့က (၂၆၁)မြို့ ရှိပါတယ်။ အဲဒီ (၂၆၁)မြို့အနက် (၁)ရက်ကို (၄)နာရီ ဓာတ်အားပေးတဲ့ စက်မြို့

ဟာ လုံခြုံရေးနှင့် နိုင်ငံရေးအခြေအနေများအရ အရေးကြီးတဲ့ မြို့ကြီးများ ဖြစ်တဲ့အတွက် မောင်တော မြို့ဟာလည်း လုံခြုံရေးအခြေအနေအရ အရေးကြီးတဲ့မြို့ဖြစ်တဲ့အတွက်(၁)ရက်ကို မီးပေးချိန်(၄)နာရီ စာ ဌာနက ဆီခွဲတမ်း ထောက်ပံ့ပေးထားတဲ့ စက်မြို့များမှာ ပါဝင်ပါတယ်။

ဌာနအနေနဲ့ ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးတဲ့ မြို့/ကျေးရွာများကို ဓာတ်အားရရှိ သုံးစွဲနိုင်ဖို့အတွက် ဒီဇယ်မီးစက်ကြီးများ အသုံးပြုပြီး လျှပ်စစ် ဓာတ်အားရရှိနိုင်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ဒီဇယ်စက်နဲ့ ဓာတ်အားပေးထားတဲ့ မြို့များကို လစဉ် ဆီခွဲဝေထောက်ပံ့မှုများဟာ နှစ်အလိုက် ဘတ်ဂျက် ရရှိမှုအပေါ် မူတည်ပြီး ပြုလုပ်ဆောင်ရွက်ရပါတယ်။ မောင်တောမြို့ဟာဆိုရင် ဌာနက လက်ရှိ ဒီဇယ်ဆီ ထောက်ပံ့ပေးနေတဲ့ မီးပေးချိန်အများဆုံး မြို့ထဲမှာ ပါဝင်ပါတယ်။ ထပ်မံပြီးတော့ တစ်လလျှင် ဒီဇယ်ဆီ ဂါလံ (၂၂၆၀)ခန့်အား ခွင့်ပြုပေးနိုင်ဖို့အတွက် ၂၀၁၆-၂၀၁၇ ဖြည့်စွက်ရန်ပုံငွေမှာ အထူးကိစ္စတစ်ရပ်အနေနဲ့ ဘတ်ဂျက်လျာထားပြီး ထည့်သွင်းတောင်းခံပေးသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်အတွက် ပုဏ္ဏားကျွန်းမြို့အထိ ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်းကို ၂၅-၁၁-၂၀၁၄ ရက်နေ့မှာ ပို့လွှတ်ထားပြီး ဖြစ်ပါတယ်။ ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှတစ်ဆင့် ပုဏ္ဏားကျွန်း - ရသေ့တောင်-ဘူးသီးတောင် -မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း(၇၈)မိုင်ခန့်နဲ့ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော ၆၆ ကေဗွီ ဓာတ်အားခွဲရုံများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ (၂)ရာခိုင်နှုန်းနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ (၃)ရာခိုင်နှုန်း၊ စုစုပေါင်း (၅) ရာခိုင်နှုန်းသာရရှိခဲ့ပြီး ဓာတ်အားလိုင်း အူကြောင်းတိုင်းတာခြင်း (Survey)လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီစီမံကိန်းများ အတွက် ထပ်မံလိုအပ်တဲ့ ရန်ပုံငွေများကို နှစ်အလိုက် လျာထားပြီး ဆောင်ရွက်သွားမှာဖြစ်တဲ့ အတွက်၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေရရှိမှုကို မူတည်၍ လုပ်ငန်းများ ပြီးစီးအောင် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။

ကျွန်တော် ဒုတိယမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်သို့ မဟာ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန က ဆက်ဖြေပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ယခင်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ တနင်္သာရီတိုင်းဒေသကြီး အတွင်းမှာ ရှိတဲ့ ရေးမြို့နဲ့ ထားဝယ်မြို့များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်အတွက် ၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည် ဖော်ဆောင်ရွက်မယ်ဖြစ်ပါတယ်။ ၎င်းစီမံကိန်းကို တရုတ်နိုင်ငံ EXIM Bank ချေးငွေဖြင့် ဆောင်ရွက်မည်ဖြစ်လို့ တင်ဒါခေါ်ဆိုထားပြီး တင်ဒါစိစစ်ဆဲ ဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားလိုင်းရဲ့ EIA, SIA ကျွန်တော်တို့ ပါဝင်ထိခိုက်မှု၊ လူမှုစီးပွားထိခိုက်မှု အဲဒီလိုမရှိစေရေး

အတွက် (Survey)လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ပါဝင်ခဲ့ပါတယ်၊ ဖြေကြားခဲ့ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ပြည်ထောင်စု ဒုတိယဝန်ကြီးက အဲဒီအချိန်က အဲဒီလို ဖြေကြားခဲ့တာ ဖြစ်ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဟာ တနင်္သာရီတိုင်းဒေသကြီးအတွင်း မှာရှိတဲ့ ရေးနဲ့ ထားဝယ်မြို့များကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၃၀ ကေဗွီ မော်လမြိုင် - ရေး- ထားဝယ် ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံ စီမံကိန်းကို မူလကတော့ တရုတ်နိုင်ငံ EXIM Bank ချေးငွေနဲ့ ဆောင်ရွက်ရန် လျာထားခဲ့ပြီး ချေးငွေဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ တရုတ်ကုမ္ပဏီ (၃)ခုကို ၁၆-၃-၂၀၁၅ ရက်နေ့မှာ တင်ဒါခေါ်ဆိုခဲ့ပါတယ်။

တင်သွင်းတဲ့တင်ဒါများကို စိစစ်ပြီး အောင်မြင်တဲ့ကုမ္ပဏီနဲ့ စာချုပ်မူကြမ်း ပြင်ဆင်ညှိနှိုင်းခဲ့ပြီးတော့၊ အဆိုပါ စာချုပ်မူကြမ်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန တို့မှ သဘောထားမှတ်ချက်တွေ ရယူခဲ့ပါတယ်။ ရယူပြီးတဲ့အခါမှာ နောက်အစိုးရသစ်ကာလမှသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ပြန်ကြားထားပါတယ်။

တရုတ်နိုင်ငံ EXIM Bank ချေးငွေနဲ့ဆောင်ရွက်မယ့် အဆိုပါ စီမံကိန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်းပေါင်း (၁၈၀.၀၁၇)သန်းခန့် ဖြစ်ပြီးတော့ ပေးရမယ့် အတိုးနှုန်းဟာ (၂) ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒါပေမဲ့ ဌာနက အတိုးနှုန်းမပါ တွက်ချက်တဲ့ ခန့်မှန်းကုန်ကျစရိတ်က အမေရိကန် ဒေါ်လာသန်းပေါင်း (၁၀၃.၄)သန်းခန့် ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အမှန်တကယ်ကုန်ကျမယ့် ခန့်မှန်းစရိတ်ထက် သူ့ရဲ့ချေးငွေက များနေပါတယ်။ အဲဒီတော့ တရုတ်နိုင်ငံ EXIM Bank ရဲ့ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ အချိန်ကြန့်ကြာခြင်း၊ အတိုးနှုန်းများခြင်းနဲ့ တရုတ်နိုင်ငံထုတ် ကုန်ပစ္စည်းများကိုသာ ဦးစားပေးဝယ်ရခြင်း တို့ကြောင့် ဖော်ပြပါ စီမံကိန်းကို တရုတ်နိုင်ငံ ချေးငွေနဲ့ ဆက်လက်ဆောင်ရွက်ဖို့ မသင့်လျော်တဲ့အတွက် အဲဒီ ချေးငွေကို ပယ်ဖျက်ပြီးတော့ အတိုးနှုန်းပိုမိုသက်သာပြီး ပစ္စည်းများကို ဝယ်ယူရာမှာ ကန့်သတ်ချက်မရှိတဲ့ ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော ချေးငွေများနဲ့သာဆောင်ရွက်ရန် သင့်လျော်ပါကြောင်း တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပေးမယ့် ၂၃၀ ကေဗွီ မော်လမြိုင် -ရေး -ထားဝယ် ဓာတ်အားလိုင်း စီမံကိန်းကို ADB ချေးငွေနဲ့ ဆောင်ရွက်လိုပါကြောင်း ကျွန်တော်တို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ ADB ရဲ့ သဘောတူ ခွင့်ပြုချက်ရရှိပြီးတာနဲ့ အဲဒီစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး မေးမြန်းထားတဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေမှာ ကျွန်တော်တို့ သုံးစွဲတာနဲ့ ပတ်သက်ပြီး ကျွန်တော် ခုနက ပြောဆိုခဲ့တဲ့ထဲမှာ ပါပါတယ်။ EIA, SIA လုပ်ငန်းများ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ တနင်္သာရီတိုင်း ကန်ဘောက် ကျွန်တော်တို့ ရတနာ၊ ရဲတံခွန်၊ ဇောတိက ကတက်တဲ့ Receiving Terminal ကနေပြီးတော့မှာ

ထားဝယ်မြို့ထိ ဓာတ်အားလိုင်း ဆက်သွယ်မှုကို ဆောင်ရွက်ထားတဲ့အတွက် (၄၈) ရာခိုင်နှုန်းပြီးတယ်လို့ ဖော်ပြထားခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုးလွင် ရဲ့ ဂန့်ဂေါ - ကလေးကားလမ်းပေါ်ရှိ တောင်ခရန်းကျေးရွာနှင့်အနီးတစ်ဝိုက်ကျေးရွာများသို့ လျှပ်စစ်မီးရရှိနိုင်ရန် ဂန့်ဂေါ-ကလေး 66 KV ဓာတ်အားလိုင်းပေါ်မှ ခွဲယူ၍ 66 KV /11KV 5MVA ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပြီး လျှပ်စစ်မီး သွယ်တန်းပေးနိုင် ခြင်း ရှိ/မရှိ သိရှိလိုခြင်း နှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် ဖြေကြားလိုတာကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့သို့ သွယ်တန်းထားတဲ့ ဓာတ်အားလိုင်းဟာ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း အမျိုးအစားဖြစ်ပြီး၊ ဂန့်ဂေါမြို့နဲ့ ကလေးမြို့တို့ရှိတဲ့ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်မပြီးစီးမီ ၆၆ ကေဗွီဓာတ်အားစနစ်ဖြင့် ကလေးမြို့သို့ ယာယီဓာတ်အား ဖြန့်ဖြူးပေးထားခြင်းသာ ဖြစ်ပါတယ်။ ၂၃၀ ကေဗွီ ဂန့်ဂေါဓာတ်အားခွဲရုံနဲ့ ၂၃၀ ကေဗွီ ကလေးဓာတ်အားခွဲရုံများ တည်ဆောက် ပြီးစီးပါက ၂၃၀ ကေဗွီ ဓာတ်အားစနစ်နဲ့ ကလေးမြို့သို့ ဓာတ်အားပို့လွှတ်မှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ဂန့်ဂေါ-ကလေး ကားလမ်းပေါ်မှာရှိတဲ့ တောင်ခရန်းကျေးရွာနဲ့ အနီးတစ်ဝိုက်ကျေးရွာများ လျှပ်စစ်မီးရရှိနိုင်ဖို့ ဂန့်ဂေါမြို့မှာ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးတဲ့အခါမှသာ ဂန့်ဂေါမြို့မှ တောင်ခရန်းသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း မိုင်(၄၀)ခန့် ထပ်မံသွယ်တန်းပြီး တောင်ခရန်းမှာ ၆၆/ ၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ဖို့ လိုအပ်မည်ဖြစ်ပြီး၊ လက်ရှိအခြေအနေမှာတော့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ဆောင်ရွက်ပေးနိုင်ရေးအတွက် လာမယ့် ဘဏ္ဍာရေးနှစ်များတွင် ထည့်သွင်း ရေးဆွဲတောင်းခံသွားမည် ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ ကျေးရွာ(၁၈)ရွာ မီးလင်းရေးနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ ကျေးရွာ(၁၈)ရွာအနက် ကျေးရွာ(၁၇)ရွာဟာ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်း မြို့နယ်ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ၊ စလင်းဓာတ်အားခွဲရုံမှ ၁၁ ကေဗွီလိုင်းနဲ့ (၂) မိုင်အတွင်း ဓာတ်အားရယူနိုင်တဲ့ ကျေးရွာများဖြစ်ပြီး စလောင်းကုန်းကျေးရွာကတော့ ဓာတ်အားစနစ်ကနေ (၂)မိုင်မှ (၅)မိုင်အတွင်း ဓာတ်အားရရှိနိုင်တဲ့ ကျေးရွာဖြစ်ကြောင်း စိစစ်တွေ့ရှိ ရပါတယ်။

ဒါကြောင့် ၎င်းကျေးရွာ (၁၈)ရွာအနက် ကျေးရွာ (၁၇)ရွာဟာ ဓာတ်အားစနစ်မှ (၂)မိုင်အတွင်း ဓာတ်အားရယူနိုင်တဲ့ ကျေးရွာများဖြစ်၍ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းရဲ့ ပထမဦးစားပေးအဆင့်မှာ ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ အဲဒီစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး (၂)နှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထက်ဖော်ပြပါကျေးရွာ (၁၇)ရွာအပြင် ကျန်ကျေးရွာဖြစ်တဲ့ စလောင်းကုန်းကျေးရွာအား လျှပ်စစ်

ဓာတ်အားရရှိနိုင်ရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းရဲ့ ဒုတိယအဆင့်မှာ ထည့်သွင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြောကြားထားတဲ့ကာလအတွင်းမှာ အပြီးဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။

နောက်ဆုံးအနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော့တင်း ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့တွင် မဟာဓာတ်အားလိုင်း လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဟာ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအတွက် ဓာတ်အားစနစ်မှ ဓာတ်အားကို ကျောက်တော်ဒေသသို့ လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးပေးဖို့အတွက် ပုဏ္ဏားကျွန်း -ကျောက်တော် ၆၆ ကေဗွီ ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံစီမံကိန်းအား ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှာ ဓာတ်အားပို့လွှတ်ပြီးဖြစ်ပါတယ်။ ကျောက်တော်မှတစ်ဆင့် ပလက်ဝဒေသသို့ ဓာတ်အား စနစ်မှဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့ ကျောက်တော်-ပလက်ဝ ၆၆ KV ဓာတ်အားလိုင်း မိုင်(၃၀)နဲ့ ဓာတ်အားခွဲရုံ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန် လျာထားခဲ့ပေမယ့်လည်း နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ ခွဲဝေပေးနိုင်မှုအခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ဘူးဖြစ်ပါတယ်။ သို့ရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်လျာထား ဆောင်ရွက်သွားမှာဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားရင်း ကျွန်တော့် ဖြေကြားချက်ကို နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခု ကျွန်တော်၊ ခင်ဗျားတို့လည်း မေးခွန်း အချိန်ပိုပေးထားပြီးပြီ။ လိုရင်းလေးပဲ တစ်ချက်မေး။ ဝန်ကြီးဖြေတာလည်း တော်တော်ပြည့်ပြည့်စုံစုံတော့ ဖြစ်နေပါပြီ ကျွန်တော့် အမြင်တော့။ လိုရင်းလေးပဲ မေး။ တစ်ချက်ပဲ။

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ အခုနလေးတုန်းက နိုင်ငံတော်ဘဏ္ဍာငွေက ကျခံခြင်းကုစားမှု ပေး၊ မပေး ဆိုတာလေး ဝန်ကြီးက ဖြေမသွားလို့။ ကျွန်တော်တို့ လူထုကလုပ်ထားတဲ့ ကျွန်တော်တို့ တိုင်ဖိုးတို့၊ ဓာတ်ကြိုးဖိုးတို့၊ အဲ့ကိစ္စလေးများ နိုင်ငံတော် ခွင့်ပြုထားတဲ့ငွေက ပြန်ပြီးကုစားမှု ပေးနိုင်ခြင်း ရှိ/မရှိ အဲဒါလေးမေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဦးဖေဇင်ထွန်း (ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဒီစီမံကိန်းကို ကျွန်တော်တို့ ဆောင်ရွက်တဲ့ကိစ္စဟာ ကမ္ဘာ့ဘဏ်ရဲ့လက်ထက် ကျွန်တော်တို့ စီမံကိန်း ချေးငွေနဲ့ ဆောင်ရွက်တဲ့ကိစ္စဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအတွက် ကျွန်တော် ဆောင်ရွက် တဲ့အခါမှာ ၁၁ ကေဗွီ ဓာတ်အားလိုင်းရဲ့ (၂)မိုင်ပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာ များ မီးလင်းရေးအတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးတာကတော့ အဲဒီကနေပြီးတော့ တောက်လျှောက် 11 to 40 ကျွန်တော်တို့ ဓာတ်အားခွဲရုံ အဲဒီအထိသွယ်တန်းပေးပါတယ်။ အဲဒီအထိ ဓာတ်ကြိုး သွယ်တန်းပေးပါတယ်။ သက်ဆိုင်ရာကျေးရွာများအနေနဲ့ မိမိတို့ရဲ့မီးလင်းရေးအစီအစဉ်နဲ့ ဆောင်ရွက်

ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဘတ်ဂျက်မှာ အဲဒီဟာကို ထည့်သွင်းလျာထားပေးခဲ့ခြင်း မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။နေပါဦး။ နေပါဦး။ ခင်ဗျား ကျွန်တော့် ခွင့်ပြုချက်လည်းမတောင်းဘဲနဲ့ ခင်ဗျား ပြောလို့မရဘူးလေ။ ခွင့်ပြုချက်တောင်းဦးမှပေါ့။ မဟုတ်ဘူး တစ်ခုရှိတာက ခင်ဗျား ဘာမေးမလဲ။ ကျွန်တော်ပြောတာက၊ သူဖြေသွားတာမှာ နောက်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမယ်လို့ ပြောထားပြီးသား။ ဘာမေးစရာရှိသေးလဲ။

**ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ 66 KV လိုင်းကို အဲဒီမှာ ဘာဖြစ်လို့ သူ့ရဲ့ အားနည်းချက်ကလေးက ဘတ်ဂျက်လား။ ဒါမှမဟုတ်ရင်လည်းပဲ လုပ်အားလိုသလား ဆိုတဲ့ဟာလေးကို ကျွန်တော်တို့ အဲ့ဒါလေးကို သိချင်တာပါခင်ဗျား။ ယာယီ လောလောဆယ် ဆွဲထားတဲ့ ကလေးမြို့ကို ၂၃၀ ကေဗွီလိုင်း ပြည့်အောင် အဓိကအားနည်းချက်က ငွေလား၊ ဒါမှမဟုတ် လုပ်အားလား။ ဒါမှမဟုတ်ဘာလဲ ဆိုတာလေးကို ကျွန်တော်တို့ ဂယနဇာလေး ကျွန်တော်တို့ သိချင်လို့ပါ။ အဲဒါလေးကို။

**ဦးဖေဇင်ထွန်း (ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ မေးတာ မော်လမြိုင်-ရေး-ထားဝယ်စီမံကိန်း--

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ မဟုတ်ဘူး။ အခုက (၁၈)ရွာ။ (၁၈)ရွာ။ ကလေး-ဂန့်ဂေါလမ်း။

**ဦးဖေဇင်ထွန်း (ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ကလေး-ဂန့်ဂေါလမ်း၊ ဟုတ်ကဲ့။ ကလေး-ဂန့်ဂေါလမ်းမှာ ကျွန်တော်တို့ ကျွန်တော် ဖြေကြားပြီး ဖြစ်ပါတယ်။ ဒီကလေးမြို့ကို ဓာတ်အားပို့လွှတ်ဖို့အတွက် ကျွန်တော်တို့ဟာ ၂၃၀ကေဗွီ ဓာတ်အားခွဲရုံကို တည်ဆောက်ဖို့ဟာက ကျွန်တော်တို့ ပစ္စည်းတွေမှာရတာ ရှိပါတယ်။ ကျွန်တော်တို့ ဒီဟာကို သူ့ရဲ့ ဘတ်ဂျက်လျာထားချက်နဲ့အညီ ကျွန်တော်တို့ရပြီးတဲ့အခါမှာ ဒီဟာကို ကျွန်တော်တို့ ပို့ရပါတယ်။ စိစစ်ရပါတယ်။ အဲဒီတော့ ဒီဟာတွေကို လုပ်သွားတဲ့အချိန်မှာ လုပ်အားကြောင့်လား။ ငွေကြောင့်လား ဆိုတဲ့အခါကျတော့ နှစ်ခုစလုံးနဲ့လည်း သက်ဆိုင်နေပါတယ်။ အဲတော့ ဒါကို ဖြည့်စွက်တွေမှာ ထပ်ထည့်တောင်းတာတွေ၊ အသေးစိတ်ကတော့ အများကြီးရှိပါတယ် ခင်ဗျား။ ဒါပေမဲ့ ပြီးအောင် လုပ်ပေးပါ့မယ်လို့ ကျွန်တော်တို့ ကတိကဝတ် ပေးပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ ဘာမေးမှာလဲ၊ ကိုယ်စားလှယ်ကြီးအနေနဲ့ ကျွန်တော်ပြောတာက လိုအပ်ချိန်လေးကို ကျွန်တော့် အမြင်တော့ဖြေသွားတာမှာ တော်တော်ပြည့်ပြည့်စုံစုံကို ဖြေထားတာ ရှိတယ်။ ခင်ဗျား အခုနတုန်းကလည်း မေးထားပြီးပြီ။ မေးခွန်းမေးတာထက် နှစ်ဆကို ကျွန်တော်တို့ ပိုပြီး မေးခွန်းပေးထား ပြီးပြီ။ တကယ်တမ်းလိုမှသာမေး။ ဖြေထားတာကတော့ ဒီမှာ ပြည့်ပြည့်စုံစုံ ဖြေသွားတာချည်းပဲ။

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ အခုက ကျွန်တော်တို့က ချေးငွေမရရင် မဆောင်ရွက်တော့မယ့်ပုံစံ ဖြစ်နေပါတယ်။ ကျွန်တော်တို့ ဒီမော်လမြိုင်-မြဝတီ ၂၃၀ ကေဗွီအေ ဓာတ်အားလိုင်းစီမံကိန်းကို ဒီလာမယ့်ဘတ်ဂျက်မှာ ဒီနိုင်ငံတော်ဘတ်ဂျက်နဲ့ပဲ ဆောင်ရွက်ပါတော့မယ်။ ရေးနဲ့မော်လမြိုင်နဲ့၊ မော်လမြိုင်နဲ့မြဝတီ အကွာအဝေးဟာ သိပ်မကွာပါဘူး။ အခု ဒီပြည်ထောင်စု

ဝန်ကြီး ဖြေသွားတာကို ကျွန်တော် အထူးတလည် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီဖြေသွားတဲ့ အထဲမှာ ဒီ ADB ချေးငွေကို ကျွန်တော်တို့က အဓိကထားပါတယ်။ ဒီတော့ ADB ချေးငွေကသာ မရခဲ့ဘူးဆိုရင် ကျွန်တော်တို့ဆီ တခြားနည်းလမ်းနဲ့ ဒီမဟာဓာတ်အားလိုင်းဆွဲဖို့ အစီအစဉ် ရှိ/ မရှိ ဆိုတာကို ထပ်မံသိရှိလိုလို့ ကျွန်တော် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဖေဇင်ထွန်း (ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ စိုးရိမ်ပူပန်မှုကိုလည်း ကျွန်တော် နားလည်ပါတယ်။ ADB က သန်း(၅၀၀) ကျွန်တော်တို့ ချေးငွေပေးဖို့အတွက် အဆိုပြုပြီး ဖြစ်ပါတယ်။ အဲဒီခေါင်းစဉ်အောက်ထဲကို ထည့်ဖို့အတွက် ကျွန်တော့်အနေနဲ့ Cabinet ကိုလည်း တင်ပြီးပါပြီ။ စီးပွားရေးရဲ့ ကော်မတီကိုလည်း တင်ပြီးပါပြီ။ အဲတော့ ဒီဟာက ခေါင်းစဉ်သွင်းရုံပါပဲ။ ADB က မရမှာကို စိုးရိမ်စရာ ပူပင်သောကဖြစ်ဖို့ မရှိပါကြောင်း ကျွန်တော် ပြန်လည်ဖြေကြားအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် ပဥ္စမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]